# အမှာစာ

ကျွန်တော်က ဒိုင်ယာရီရေးလေ့ရှိပါတယ်။ တစ်နှစ်ကုန်တိုင်း သိမ်းထားလေ့ပါတယ်။ လိုအပ်တဲ့အခါပြန်ကြည့်ပါတယ်။ အလွန်အသုံးဝင်ပါတယ်။ စက်ရုံကနေ လိုချင်တဲ့ ဒိုင်ယာရီ၊ ဒိုင်ယာရီပုံစံကို မှာသုံးတာပါ။ နှစ်စဉ် အုပ် ၅၀၀ လောက် မှာပါတယ်။ များများမှာတော့ ဈေးလည်းသက်သာပါတယ်။ ကိုယ်နဲ့ ရင်းနှီးသူတွေကိုလက်ဆောင်ပေးသလို ကိုယ့်ဝန်ထမ်းတိုင်းကိုလည်း လက်ဆောင်ပေးပါတယ်။ ၂၀၂၁ မှာတော့ ကိုဗစ် ၁၉ ကြောင့် နိုင်ငံခြားက မှာခွင့်မရခဲ့ပါ။ ဝယ်လို့ရတာပဲ ဝယ်သုံးခဲ့ရပြီး မိတ်ဆွေတွေ၊ ဝန်ထမ်းတွေကိုလည်း လက်ဆောင်မပေးနိုင်ပါ။

ဒီနှစ်တော့ SMART စာပေကို ဦးဆောင်နေတဲ့ မခိုင်မာကို Diary လုပ်ပေးဖို့ အကူအညီတောင်းပါတယ်။ ခိုင်မာက Diary ဆိုရင် တစ်နှစ်ပဲသုံးတယ်။ မှတ်စုစာအုပ်ပုံစံလုပ်ပေးမယ်။ ဆရာ့စာအုပ်ထဲက မှတ်သားစရာလေးတွေနဲ့ တွဲထုတ်ချင်တယ်လို့ ပြောလာပါတယ်။ ကျွန်တော်ခွင့်ပြုခဲ့တဲ့အတွက် အတွေးတွေရနိုင်တဲ့ ဒီမှတ်စုစာအုပ် ဖြစ်လာတာပါ။ ခိုင်မာနှင့် ထုတ်ပေးတဲ့ SMART စာပေအဖွဲ့သားတွေကို ကျေးဇူးတင်ပါတယ်။ သုံးတဲ့သူတွေအတွက် အတွေးတွေရပြီး စိတ်ထားတွေပြောင်းလာတယ်၊ အသက်ရှင်စဉ်မှာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် ကျင့်ကြံဖို့ အထောက်အကူဖြစ်တယ်၊ စိတ်ဓာတ်ကျတိုင်း ကောက်ကိုင်ရတဲ့ စာအုပ်ဖြစ်တယ်၊ စာအုပ်ထဲက စာစုလေးတွေကြောင့် အချစ်ရေးတွေ ပိုကောင်းလာပြီး ပျော်ရွှင်မှုတွေ ပိုင်ဆိုင်ရတယ်ဆိုရင် စီစဉ်ရကျိုးနပ်ပါပြီ။

## Quote of the Day

လူညံ့တွေက အခက်အခဲနှင့်ကြုံတိုင်း
အပြစ်တင်ဖို့ပဲ စဉ်းစားတယ်။
အောင်မြင်သူတွေက အခက်အခဲနှင့်ကြုံတိုင်း
ကျော်ဖြတ်ဖို့ ကြိုးစားရင်း
လူတွေကိုပါ ကူညီဖို့ စဉ်းစားတယ်။

ဒီနေ့အတွက်
အကောင်းဆုံးဖြစ်အောင်
ကြိုးစားပါ။
မနက်ဖြန်အတွက်ကို
မနက်ဖြန်မှ စဉ်းစားပါ။

Date: / /